ပျဉ်းမပင်ကျေးရွာ
ပွဲသာကျေးရွာအုပ်စု၊
ထန်းတပင်မြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၇-၂၀၁၈)

ပြုစုရေးဆွဲသူ
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
သရေဘာကျေးရွာ၊ထန်းတပင််မြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကကူညီရေးဆွဲသည်)
၂၀၁၈ခုနှစ်၊ဇွန်လ

## မာတိကာ


၁။ ပွဲသာကျေးရွာအုပ်စု၊ ပျဉ်းမပင်ကျေးရွာ၏သယံဇာတပြမြေပုံ ၃

၂. ပွဲသာကျေးရွာအုပ်စု၊ ပျဉ်းမပင်ကျေးရွာ၏ရာသီခွင်ပြပြက္ခဒိန် ၄

၃. ပွဲသာကျေးရွာအုပ်စု၊ ပျဉ်းမပင်ကျေးရွာ၏ကျေးရွာတွင်း၊ ရွာပြင် အဖွဲ့အစည်းများချိတ်ဆက်မှုပြပုံ ၅

၄. ပွဲသာကျေးရွာအုပ်စု၊ ပျဉ်းမပင်ကျေးရွာ၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ ၆

- (က) တည်နေရာနှင့်ပထဝီအနေအထား ၆
- (ခ) ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ ၆
- (ဂ) ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ ၆
- (ဃ) စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ ၆–၇
- (င) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ ၇
- (စ) ပညာရေး ၇–၈
- (ဆ) ကျန်းမာရေး ၈
- (ဇ) ဘေးအန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ၈
- (ဈ) ကျား – မရေးရာ ၈

၅။ ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ ၉–၁၀



## နောက်ဆက်တွဲများ


. နောက်ဆက်တွဲ၁ကျေးရွာဖွံ့ဖြိုးရေးကော်မတီစာရင်း ၁၁

. နောက်ဆက်တွဲ၂ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ ၁၂–၂၇

. နောက်ဆက်တွဲ၃ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုဇယား ၂၈

## ၁. ထန်းတပင်မြို့နယ်၊ ပွဲသာကျေးရွာအုပ်စု၊ ပျဉ်းမပင်ကျေးရွာ၏ သယံဇာတပြမြေပုံ




၂. ထန်းတပင်မြို့နယ်၊ ပွဲသာကျေးရွာအုပ်စု၊ ပျဉ်းမပင်ကျေးရွာ၏ ရာသီခွင်ပြ-ပြက္ခဒိန်

ရာသီခွင်ပြပြက္ခဒိန် (ပျဉ်းမပင် – ပွဲသာ)

| စဉ် | အကြောင်းအရာ | တန်ခူး | ကဆုန် | နယုန် | ဝါဆို | ဝါခေါင် | တော်သလင်း | သီတင်းကျွတ် | တန်ဆောင်မုန်း | နတ်တော် | ပြာသို | တပို့တွဲ | တပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁။ | ရာသီဥတု |  | | | | | | | | | | | |
| ၂။ | စိုက်ပျိုးရေးလုပ်ငန်း | | | စပါး | စပါး | စပါး | မြေပဲ | မြေပဲ မတ်ပဲ | မတ်ပဲ | | | | |
| ၃။ | မွေးမြူရေးလုပ်ငန်း | ဝက်၊ ကြက် ဘဲ၊ နွား | ဝက်၊ ကြက် ဘဲ၊ နွား | ဝက်၊ ကြက် ဘဲ၊ နွား | ဝက်၊ ကြက် ဘဲ၊ နွား | ဝက်၊ ကြက် ဘဲ၊ နွား | ဝက်၊ ကြက် ဘဲ၊ နွား | ဝက်၊ ကြက် ဘဲ၊ နွား | ဝက်၊ ကြက် ဘဲ၊ နွား | ဝက်၊ ကြက် ဘဲ၊ နွား | ဝက်၊ ကြက် ဘဲ၊ နွား | ဝက်၊ ကြက် ဘဲ၊ နွား | ဝက်၊ ကြက် ဘဲ၊ နွား |
| ၄။ | အခြားဝင်ငွေရလုပ်ငန်း | | | | | | | | | | | | |
| ၅။ | အသုံးစရိတ် | | | $$$$ | $$$ | $$ | $$ | $$$ $$$ | $$$ $ | | | | |
| ၆။ | စားနပ်ရိက္ခာဖူလုံမှုအခြေနေ | | | | | | | | | | | | |
| ၇။ | ဝင်ငွေ | $$ | | | | | | | $$$ $$ | $$$ $$ | | $$$ $$ | $$$ $$ |
| ၈။ | ရောဂါဖြစ်ပွားမှု (လူ) | | | ဖျားနာ | သွေးလွန်တုပ်ကွေး | သွေးလွန်တုပ်ကွေး | | ဖျားနာ | | | | | |
| ၉။ | ရောဂါဖြစ်ပွားမှု (တိရိစ္ဆာန်) | | | | နွားလျှာနာ ခွာနာ | နွားလျှာနာ ခွာနာ | | | | | | | |
| ၁၀။ | သောက်သုံးရေရရှိမှု | ပြည့်ဝ | ပြည့်ဝ | ပြည့်ဝ | ပြည့်ဝ | ပြည့်ဝ | ပြည့်ဝ | ပြည့်ဝ | ပြည့်ဝ | ပြည့်ဝ | ပြည့်ဝ | ပြည့်ဝ | ပြည့်ဝ |
| ၁၁။ | သဘာဝဘေးအန္တရာယ်ဖြစ်ပွားမှု | | | လေပြင်းတိုက်ခိုက် | လေပြင်းတိုက်ခိုက် | | လေပြင်းတိုက်ခိုက် | | | | | | |
| ၁၂။ | ပွဲလမ်းသဘင် | သင်္ကြန် | | | | | | | [illegible] | | | | |

## ၃. ထန်းတပင်မြို့နယ်၊ ပွဲသာကျေးရွာအုပ်စု၊ ပျဉ်းမပင်ကျေးရွာ၏ ကျေးရွာတွင်းရွာပြင်အဖွဲ့အစည်းများချိတ်ဆက်မှုပြပုံ



## ၄။ ထန်းတပင်မြို့နယ်၊ပွဲသာကျေးရွာအုပ်စု၊ ပျဉ်းမပင်ကျေးရွာ၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

### (က) ပထဝီအနေအထားနှင့် တည်နေရာ

ကျွန်တော်တို့ကျေးရွာသည် ပဲခူးတိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၏ အရှေ့ဘက် (၂)မိုင်၊(၄)ဖာလုံခန့်အကွာတွင်တည်ရှိပြီး အုပ်ချုပ်ရေးရုံးစိုက်ရာ ထန်းတပင်မြို့နှင့် ဆက်သွယ်သွားလာရလွယ်ကူသည်။ ကျွန်တော်တို့ကျေးရွာသည်စစ်တောင်းမြစ်အရှေ့ဘက်ကမ်းတွင် တည်ရှိပြီး အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းများမှာ စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်း များလုပ်ကိုင်ကြပါသည်။ ဒေသ၏ တစ်နှစ်ပျမ်းမျှ မိုးရေချိန်လက်မ (၆၀)မှ(၈၀) ဝန်းကျင်တွင်တည်ရှိပြီး စိုက်ပျိုးရေးလုပ်ငန်းများအတွက် အသင့်အတင့် အထောက်အကူပြုသည်။ ကျေးရွာတည်ရှိရာသည် ကုန်းတွင်းပိုင်းတွင် တည်ရှိပြီး ဆားငန်ရေဝင်ရောက်မှုမှကင်းလွတ်သည်။ ကျေးရွာအနီးတွင် တောတောင်များရှိသဖြင့် လယ်ယာမြေများသည် စပါးနှင့် ပဲမျိုးစုံ စိုက်ပျိုးထုတ်လုပ်ရန်နှင့် ကြက်၊ ဝက်၊ ဘဲ၊ နွားမွေးမြူရေးလုပ်ငန်းများမှာ အသက်မွေးဝမ်းကျောင်းရန်အတွက် အဓိကအားထားရာဖြစ်သည်။

### (ခ) ရာသီဥတုနှင့်သဘာဝအရင်းအမြစ်

ကျေးရွာ၏ စိုက်ပျိုးမြေများသည် မြေဆီလွှာအသင့်အတင့် ကောင်းမွန်ပါသည်။ ထွန်ယက်စိုက်ပျိုးနိုင်သည့် ဧက(၂၀၁) ရှိပြီး မိုးရာသီတွင်စပါးစိုက်ပျိုး၍ ဆောင်းရာသီတွင် ပဲများကိုအဓိကစိုက်ပျိုးကြပါသည်။ ကျေးရွာတွင် သဘာဝတွင်းထွက်သယံဇာတများလည်းမရှိပါ။ ရာသီဥတုအနေအထားမှာလည်း ပုံမှန်ပင်ဖြစ်ပါသည်။

### (ဂ) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ

ကျေးရွာတွင် အုပ်ချုပ်မှုဆိုင်ရာ(၁)ဖွဲ့၊ လူမှုရေးဆိုင်ရာအဖွဲ့အစည်း(၁)ဖွဲ့၊ ဘာသာရေးနှင့်ယဉ်ကျေးမှုဆိုင်ရာ(၁)ဖွဲ့နှင့် ပညာရေးဆိုင်ရာ(၁)ဖွဲ့တို့ရှိပါသည်။ ကျေးရွာလူမှုရေးအသင်းမှာ သာရေး၊ နာရေးကိစ္စအပါအဝင် ကျန်းမာရေး၊ ဘာသာရေး၊ လူမှုရေးကိစ္စလုပ်ငန်းများကိုဆောင်ရွက်လျက်ရှိပြီး လှုပ်ရှားဆောင်ရွက်မှုအားကောင်းသည်။ ကျေးရွာတွင်ရှိသော အဖွဲ့အစည်းများမှာ အုပ်ချုပ်ရေးအဖွဲ့၏ စီမံကွပ်ကဲမှု၊ ဘာသာရေးအဖွဲ့၏ ဦးဆောင်မှုတို့ဖြင့် စည်းလုံးညီညွတ်မှုရှိသည်။

### (ဃ) စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

ကျွန်တော်တို့ကျေးရွာ၏အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းတို့ဖြစ်ရာ ဝင်ငွေအနေအထားမှာ သာမန်အားဖြင့်လျော့နည်းသည်။ ကျေးရွာတွင် လယ်မြေပိုင်ဆိုင်မှု ဧက (၂၀၁)ခန့် ရှိပြီး သီးနှံအထွက်နှုန်းမှာ သာမန်ပင်ဖြစ်သည်။ စပါးတစ်ဧကပျမ်းမျှအထွက်နှုန်း (၇၀) တင်းမျှသာထွက်ရှိသည်။ မတ်ပဲတစ်ဧက ပျမ်းမျှအထွက်နှုန်း(၆)တင်းမျှသာထွက်ရှိသည်။ သီးနှံဈေး ကျဆင်းခြင်းကြောင့် တောင်သူများအနေဖြင့် ဝင်ငွေခက်ခဲကြသည်။

ကျေးရွာတွင် ဝက်မွေးမြူသည့်အိမ်ထောင်စုအရေအတွက်မှာ တစ်ရွာလုံး၏ (၂ဝ%) ဝန်းကျင်သာရှိပြီး ဈေးကွက်တွင် အရောင်းအဝယ်ကောင်းမွန်ပါသည်။ တစ်နိုင်တစ်ပိုင် မွေးမြူခြင်း မျိုးသာဖြစ်၍ဝင်ငွေကောင်းမွန်မှု၊ စီးပွားဖြစ်ထွန်းမှုလျော့နည်းသည်။ ဒေသကြက် မွေးမြူသည့် အိမ်ထောင်စုမှာ တစ်ရွာလုံး၏ (၄ဝ%)ရှိပြီး ဈေးကွက်ကောင်းမွန်ပါသည်။ ရာသီအလိုက် ဖြစ်ပွား တတ်သောတိရိစ္ဆာန် ရောဂါကျရောက်မှုရှိပြီး အထူးသဖြင့် ကြက်လည်လိမ်ရောဂါ အဖြစ်များပြီး ရောဂါကြောင့်သေဆုံးပျက်စီးမှုရှိသည်။ ဆင်းရဲသောအိမ်ထောင်စုများမှာ မွေးမြူရေးလုပ်ငန်း တိုးချဲ့ဆောင်ရွက်ရန် ငွေကြေးခက်ခဲမှုရှိသည်။

ကျေးရွာတွင် အခြားဝင်ငွေရလုပ်ငန်းများမှာ နေ့စားလုပ်သားများ၊ ဈေးရောင်း၊ ခေါင်းရွက်ဗျက်ထိုး၊ ပန်းရံလက်သမားနှင့် ဝန်ထမ်းများဖြစ်ကြသည်။ကျေးရွာတွင်ဆင်းရဲ ချမ်းသာသော အဆင့်အတန်း သတ်မှတ်မှုတွင် အိမ်ထောင်စုအားလုံး၏(၄၂%)သည် ဆင်းရဲသည့် အိမ်ထောင်စုများ ဖြစ်ကြသည်။ ကျပန်းလုပ်သားများအနေဖြင့် လုပ်ငန်းအများစုမှာ ရာသီဥတုနှင့် အမျိုးအစားအလိုက် တွက်ခြေကိုက်မှုအနည်းအပါးမှ အသင့်အတင့်အနေ အထားတွင်ရှိသည်။ပန်းရံ၊ လက်သမား လုပ်ကိုင်သူ ဆရာအဆင့်လုပ်အားခမှာ တစ်ရက်လျှင် (၈ဝဝဝ)ကျပ် ရနိုင်ကြသည်။ ကျေးရွာတွင် စပါးနှင့်ပဲ သီးနှံ များအား အဓိကစိုက်ပျိုးမှုတွင် ယခင်က လူအားဖြင့် ကောက်စိုက်၊ ပျိုးနှုတ်၊ ပေါင်းသတ်၊ ထွန်ယက် ကြသဖြင့် နေ့စားကျပန်းတို့အတွက် အလုပ်အကိုင်များအဖြစ် စပါး စိုက်ခင်းများတွင် လုပ်ကိုင်လျက် ရှိရာ လူ(၁)ဦးလျှင် ပျမ်းမျှ တစ်ရက်အတွင်း လုပ်အားခ(၅ဝဝဝ)နှုန်း ခန့်ရရှိကြသည်။ တစ်နှစ် အတွင်း ရိတ်သိမ်းရသည့် အလုပ်လုပ်ရက်ပေါင်း (၂ဝ)ခန့်သာရှိသည်။ လုပ်အားခ ရရှိမှုတွင် ကျား/မ မတူညီသလို လူအရေအတွက်လည်းမတူညီပေ။ အမျိုးသားများ လုပ်အားခသည် ပို၍ရသည်။

**( င) အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ**

ကျေးရွာ၏ ရွာလယ်လမ်းမှာ မြေသားလမ်းဖြစ်ပြီး မိုးတွင်းအခါတွင်သွားလာရန် အခက်အခဲများရှိပါသည်။

**(စ) ပညာရေး**

ကျွန်တော်တို့ကျေးရွာတွင် မူလတန်းလွန်ကျောင်းရှိပါသည်။ ကျောင်းဆောင်မှာလည်း သွပ်မိုး၊အုတ်နံရံကာနှင့် ကွန်ကရစ်ခင်းထားပါသည်။ ကျေးရွာ၏ စာတတ်မြောက်မှု အနေအထားမှာ အောက်ဆုံးအဆင့်အနေဖြင့်ရေးတတ်၊ဖတ်တတ်ဖြစ်သည်။ မူလတန်းအောင်ရာခိုင်နှုန်းမြင့်မားသည်။ ကျောင်းနေအရွယ် ကလေးများလုံး ကျောင်းအပ်နှံ၍တက်ရောက်မှုရှိကာ ပညာရေးကို အလေးပေး ကြပါသည်။ ကျောင်းတွင်လည်းပရိဘောဂလုံလောက်မှုရှိပါသည်။ကျောင်း၏သင်ကြားရေး ဆရာ/မ အင်အားလည်း လုံလောက်ပါသည်။ ယခုနှစ်တွင် ပညာရေးဝန်ကြီးဌာနမှ မူလတန်း ကျောင်းသားများ အတွက် ပြဋ္ဌာန်းစာအုပ်များ၊ကျောင်းဝတ်စုံများ၊ကျောင်းသုံးပစ္စည်းများ အခမဲ့ထောက်ပံ့ပေးပါသည်။ ကျောင်းတွင် အဟာရတိုက်ကျွေးမှု အစီအစဉ်လည်း နှစ်စဉ်ရှိပါသည်။

(ဆ) ကျန်းမာရေး

ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဆေးပေးခန်းမရှိပါ။ မိုးတွင်းအခါတွင် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားလေ့ရှိပါသည်။ ကျန်းမာရေးကိစ္စများ ပေါ်ပေါက်လာပါက ထန်းတပင်မြို့နယ်ဆေးရုံသို့သွားရောက်၍ ကုသမှုခံယူကြပါသည်။

(ဇ) ဘေးအန္တရာယ်နှင့် ဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကျေးရွာသည်စစ်တောင်းမြစ် အနီးတွင်တည်ရှိသော်လည်း သဘာဝဘေးအန္တရာယ်ကျရောက် နိုင်ခြင်းမရှိပါ။

(ဈ) ကျား/ မ ရေးရာ

ကျေးရွာတွင်ကျား/မရေးရာဆိုင်ရာ ဆက်နွယ်မှုတည်ငြိမ်ကောင်းမွန်ပါသည်။ မိသားစုအတွင်းကျား/မတို့၏ အခန်းကဏ္ဍအသီးသီးကို ရပ်ရွာသတ်မှတ်ချက်များအတိုင်း ကျင့်သုံးကြပါသည်။ ကျားနှင့်မကြား ပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်း ကိစ္စများ မတွေ့ရပါ။ ကျေးရွာတွင် အမျိုးသား၊အမျိုးသမီးများသည် သာမာန်အားဖြင့် ပညာရေးနှင့် အခြားနယ်ပယ်များတွင် အခွင့်အရေးတူညီစွာရရှိသည်ဟု ယေဘူယျပြောနိုင်ပါသည်။ ပညာရေးနှင့်ဆိုင်သော ကိန်းဂဏန်းများတွင်မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းများရှိ ကျား၊မ အရေအတွက်မှာ အလွန်ကွာခြားမှုမရှိသဖြင့် အမျိုးသမီးများအတွက် ပညာသင်ယူရေးဆိုင်ရာ အခွင့်အလမ်းများမှာ အမျိုးသားများနှင့်အတူတူပင်ဖြစ်သည်။ သို့သော် ကျေးရွာတွင် နေ့တွက်လုပ်အားခငွေများမှာ အမျိုးသားများက ပိုမိုရကြသည်။ဥပမာအားဖြင့် သဘာဝနှင့် အင်အား စိုက်ထုတ်ရမှု တူညီသော်လည်း အမျိုးသမီးများသည် အမျိုးသားများထက် လုပ်အားခ လျော့နည်း ပြီးရကြသည်။ အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင် အမျိုးသမီးပါဝင်မှုမှာ အလွန်လျော့ နည်းလျက် ရှိသော်လည်း အခြားလူမှုရေးအသင်းအဖွဲ့များတွင်မူ အမျိုးသမီးပါဝင်မှုအသင့်အတင့် ရှိကြသည်။ ကျား/မတန်းတူညီမျှမှုနှင့်ပတ်သက်၍ အသိပညာပေးခြင်းများကို မြှင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် ကျား/မတန်းတူညီမျှမှု ဖွံ့ဖြိုးမှုတို့အတွက် ပိုမိုအထောက်အပံ့ ဖြစ်လာနိုင်ပါသည်။

## ၅. ဦးစားပေးဆောင်ရွက်ရမည့် အဆိုပြုစီမံချက်လုပ်ငန်းများ

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့် ဖော်ပြထားပါသည်။ ကျေးရွာလူထုသည် နှစ်သက်ရာ အမှတ်ပေးစနစ် ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ် အစည်း အဝေးတွင် စီမံချက်များ ဦးစားပေး အစီအစဉ်ကိုဖော်ထုတ်ထားပါသည်။ ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

## ၅. ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ

| ကဏ္ဍ/<br>အကြောင်းအရာ | စီမံချက် | ရမှတ်ပေါင်း | အဆင့် | စီမံချက်အကြောင်းရှင်းလင်းဖော်ပြချက် |
| --- | --- | --- | --- | --- |
| လမ်းတံတားကဏ္ဍ | ၁။ရွာဝင်လမ်းနှင့်ရွာလယ်လမ်းသွားလာမှုလွယ်ကူရန်ဂဝံကျောက်ခင်းခြင်လုပ်ငန်းဆောင်ရွက်ခြင်း | ၁၀၀ | ၁ | - လက်ရှိမြေသားလမ်းမှဂဝံ/ကျောက်ချောလမ်းဖြစ်မြောက်ရန်အဆင့်မြှင့်တင်ဆောင်ရွက်ခြင်း |
| ကျန်းမာရေးကဏ္ဍ | ၂။ကျန်းမာရေးဝန်ဆောင်ကာရရှိအောင်ဆောင်ရွက်ခြင်းလုပ်ငန်း | ၈၁ | ၂ | - အရေးပေါ်ကျန်းမာရေးချို့တဲ့သူများအားအချိန်မှီကုသရာဌာနသို့ရောက်ရှိအောင်ပို့ဆောင်နိုင်ရန် |
| သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍ | ၃။မြစ်ရေတိုက်စား၍ကမ်းပြိုကာကွယ်ခြင်းလုပ်ငန်းဆောင်ရွက်ခြင်း | ၈၀ | ၃ | - ကျောင်းသူ/သားအရေအတွက်များပြားလာသဖြင့် စာသင်ရန်နေရာလုံလောက်မှုရှိစေရန် |
| လမ်းတံတားကဏ္ဍ | ၄။ရွာခြင်းဆက်လမ်းပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်ခြင်း | ၇၆ | ၄ | - လက်ရှိမြေနိမ့်မြေသားလမ်းမှဂဝံ/ကျောက်ချောလမ်းအဖြစ်သို့အဆင့်မြှင့်တင်ခြင်းလုပ်ငန်း |
| ပညာရေးကဏ္ဍ | ၅။စာကြည့်တိုက်တွင်းစာအုပ်နှင့်ပရိဘောဂပြည့်စုံအောင်ဆောင်ရွက်ခြင်းလုပ်ငန်း | ၆၇ | ၅ | - ကျေးရွာလူထုပြင်ပဗဟုသုတနှင့် အသိဉာဏ်ဖွံ့ဖြိုးရန် |

နောက်ဆက်တွဲ (၁)

ပဲခူးတိုင်းဒေသကြီး၊တောင်ငူခရိုင်ထန်းတပင်မြို့နယ်

ပျဉ်းမပင်ကျေးရွာ-ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဦးကျော်မောင် | ဦးရေခဲ | ၇/ထတပ(နိုင်)၀၁၇၈၄၈ | ၆၆ | ဥက္ကဋ္ဌ | - |
| ၂ | ဦးမောင်ဦး | ဦးသန်းအောင် | ၇/ထတပ(နိုင်)၀၁၇၈၁၇ | ၆၅ | အတွင်းရေးမှူး | - |
| ၃ | ဦးစိုးမိုး | ဦးထွန်းမြင့် | ၇/ထတပ(နိုင်)၀၆၈၂၄၉ | - | စာရင်းကိုင် | - |
| ၄ | ဦးအောင်မင်း | ဦးအောင်တင် | ၇/ထတပ(နိုင်)၀၄၉၆၄၈ | - | ဘဏ္ဍာရေးမှူး | - |
| ၅ | ဦးကျော်နိုင် | ဦးလှတင် | ၇/ထတပ(နိုင်)၀၄၀၆၆၅ | - | သော့ကိုင်-၁ | - |
| ၆ | ဦးသောင်းမြင့် | ဦးအောင်ရှင် | ၇/ထတပ(နိုင်)၀၄၄၁၅၃ | - | သော့ကိုင်-၂ | - |
| ၇ | ဦးနေဝင်းထွန်း | ဦးကျော်မောင် | ၇/ထတပ(နိုင်)၀၆၆၇၂၀ | - | | - |
| ၈ | ဦးမင်းမင်းဆန်း | ဦးတိုး | ၇/ထတပ(နိုင်)၀၆၆၇၂၄ | - | | - |
| ၉ | ဦးအောင်သန့်ဇော် | ဦးပြား | ၇/ထတပ(နိုင်)၀၇၃၆၄၀ | - | | - |

## ကျေးရွာဖွံ့ဖြိုးရေးလက်ရှိအခြေအနေအား သုံးသပ်ရန် အထောက်အကူပြု ဇယားများ

### (၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၁၃ | ၁၄ | ၂၇ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅နှစ်အောက်ကလေးငယ် | ၂၄ | ၂၆ | ၅၀ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၃၅ | ၃၈ | ၇၃ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၄၅ | ၅၀ | ၉၅ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၇၈ | ၈၄ | ၁၆၂ |
| ၆၅ နှစ်အထက် | သက်ကြီးရွယ်ကြီး | ၂၅ | ၂၈ | ၅၃ |
| စုစုပေါင်း | | ၂၂၀ | ၂၄၀ | ၄၆၀ |
| စုစုပေါင်း အိမ်ထောင်စု | | ၁၁၅ | | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှုးရုံး။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင်အလုပ်လုပ်နိုင်သည့်အသက်ရွယ်များစွာရှိပါသည်။

### (၂) သဘာဝအရင်းအမြစ်နှင့် ရာသီဥတုအခြေအနေ

### (၂.၁) ကျေးရွာ၏မြေပိုင်ဆိုင်မှု နှင့် ရေအရင်းအမြစ်များ

ဇယား (၂)ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှုနှင့် ရေအရင်းအမြစ်အခြေအနေ

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့ | ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း) | ရရှိနိုင်သော ရေအရင်းအမြစ် (မြေအောက်ရေ၊ချောင်း၊မြစ်၊စိမ့်စမ်း စသည်) |
|---|---|---|---|---|
| လယ်မြေ | ၂၀၁ | သင့် | ရ | မြေအောက်ရေ |
| ယာမြေ | | | | |
| ဥယျာဉ်ခြံမြေ | | | | |
| အိမ်ခြံဝင်း စိုက်ခင်း | | | | |
| ကိုင်း/ကျွန်းမြေ | | | | |
| စားကျက်မြေ | | | | |
| ပလပ်မြေ | | | | |
| သစ်တောမြေ | | | | |
| စုစုပေါင်း | ၂၀၁ | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊

မှတ်ချက်။ ။ရေရှိသည့်အရင်းအမြစ်အမျိုးအစား–ချောင်းရေ

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား) ။ ။ကျေးရွာတွင် စိုက်ပျိုးမြေအသင့်အတင့်ရှိပြီး မြေဆီလွှာအသင့်အတင့်ကောင်းမွန်ပါသည်။ကျေးရွာအနီးတွင်ချောင်းရှိပါသည်။ ။နှစ်စဉ်မိုးရေချိန်လက်မ(၆၀)မှ (၈၀)လက်မကြားရှိပါသည်။

(၂.၂) ဓါတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ

ဇယား (၃) ဓါတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များ

| အမျိုးအစား | ရရှိနိုင်မှု<br>(များ/သင့်/နည်း/မရှိ) | အသုံးပြုနိုင်မှု<br>(လွယ်/ခက်/ လက်လှမ်းမမှီ) |
|---|---|---|
| ကာဗွန် (ဓါတ်ငွေ့/ရေနံ) | – | – |
| ဓါတ်သတ္တု(ကျောက်မျက်၊သတ္တုကျောက်၊ ကျောက်မီးသွေး၊ သဲ) စသည့် | | |
| အခြားသဘာဝအရင်းအမြစ် | | |
| တိရစ္ဆာန်မျိုးစိတ်များ | – | – |
| အပင်မျိုးစိတ်များ<br>(လူ၊တိရစ္ဆာန်တို့အတွက် အသုံးဝင်သော) | | |
| ပျှမ်းမျှအပူချိန် – | ပျှမ်းမျှ မိုးရေချိန် –၆၀ | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)။ ။ကျေးရွာတွင်သဘာဝအရင်းအမြစ်များ မရှိပါ။

(၃) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ဇယား (၄) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား<br>(မှန်ရာတစ်ခုကိုသာ ရွေးရန်) | လုပ်ငန်းတာဝန်<br>(အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | အဖွဲ့အစည်း၏စွမ်းဆောင်ရည်အခြေအနေ (သို့) ခိုင်မာတောင့်တင်းမှုဆိုင်ရာ ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|
| ၁ | အုပ်ချုပ်ရေး | ၁☐၂☑ ၃☐ | ပညာရေးငွေကြေး☑<br>ကျန်းမာရေး☐ဘာသာရေး☑ | ကောင်း |

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | အဖွဲ့အစည်း၏စွမ်းဆောင်ရည်အခြေအနေ (သို့) ခိုင်မာတောင့်တင်းမှုဆိုင်ရာ ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|
| | | | စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုး ရေး ☑လုံခြုံရေးနှင့် ကာကွယ်ရေး☑ | |
| ၂ | လူမှုရေး | ၁☐ ၂☑ ၃☐ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး ☑<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | သင့် |
| ၃ | မိဘဆရာအသင်း | ၁☐ ၂☑ ၃☐ | ပညာရေး☑ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | သင့် |
| ၄ | ဘာသာရေးအသင်း | ၁☐ ၂☐ ၃☑ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☑<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑<br>လုံခြုံရေးနှင့်ကာကွယ်ရေး☐ | သင့် |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု– လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ – ဥပမာ – အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)။ ။ကျေးရွာရှိအုပ်ချုပ်အဖွဲ့မှဦးဆောင်ကာအဖွဲ့အစည်းများသည်စည်းလုံးညီညွတ်ကြသည်။ကျေးရွာတွင်လူမှုရေးဆိုင်ရာအဖွဲ့(၁)ဖွဲ့၊ဘာသာရေးနှင့်ယဉ်ကျေးမှုအဖွဲ့(၁)ဖွဲ့ ရှိပါသည်။

(၄) စီးပွားရေးနှင့်အသက်မွေးမှု အခြေအနေ

(၄.၁) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၅)ဥစ္စာဓနအဆင့် အခြေအနေ

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိ သောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည် သောအိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | ၁၀ကေအထက် | ၅ကေမှ၁၀ကေ | ၁ကေမှ၅ကေ | မြေယာမဲ့ |
| အိမ်အခြေအနေ | တိုက်အိမ် | သွပ်မိုး/ပျဉ်ထောင် | ထရံကာသွပ်မိုး | ဝါးထရံကာ/ဓနိမိုး |
| ကုန်ထုတ်လုပ်မှု နှင့် ဆိုင်သော ပိုင်ဆိုင်မှု | ထွန်စက်၊ရိတ်ခြွေစက်၊ခြွေစက် လက်တွန်းထွန်စက် | လက်တွန်းထွန်းစက်၊နွား ၊နွားလှည်း | နွား၊နွားလှည်း | မရှိ |
| အဓိကစီးပွားရေး လုပ်ငန်း | စိုက်ပျိုးရေး နှင်ငံခြားဝင်ငွေ | စိုက်ပျိုးရေး၊မွေး မြူရေး၊နိုင်ငံခြား ဝင်ငွေ | နေ့စား၊စိုက်ပျိုး ရေး | ကျပန်း |
| အိမ်ထောင်စု | ၇ | ၂၅ | ၃၅ | ၄၈ |

ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား)။ ။ကျေးရွာတွင်အလွန်မပြေလည်သော အိမ်ထောင်စု များပြားသဖြင့်အသက်မွေဝမ်းကျောင်းပညာရပ်များသင်ကြားပေးပါကမိသားစု ဝင်ငွေများ တိုးပွား လာနိုင်ပါသည်။

(၄.၂) သီးနှံထုတ်လုပ်ရေး

(၄.၂.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၆) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု

| စဉ် | မြေပိုင်ဆိုင်မှု အရွယ်အစား | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက် |
|---|---|---|---|---|
| ၁ | မြေယာမဲ့ | ၂၀ | ၀.၁၇% | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ကေအောက်(၁ ဟတ် တာထိ) | ၂၈ | ၀.၂၄% | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ကေမှ ၅ ကေထိ (၂ ဟတ်တာထိ) | ၃၅ | ၀.၃၀% | တောင်သူငယ် |
| ၄ | ၅ကေမှ၁၂.၅ကေကြား ( ၅ဟတ်တာထိ) | ၂၅ | ၀.၂၂% | အလယ်အလတ်စားတောင်သူ |
| ၅ | ၁၂.၅ကေအထက် (၅ဟတ်တာနှင့် အထက်) | ၇ | ၀.၁၀% | တောင်သူကြီး |
| | ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း | ၁၁၅ | | |

ရင်းမြစ် …(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု၊

(၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား) ။ ။ကျေးရွာတွင်မြေယာမဲ့အိမ်ထောင်စုများပြားပါသည်။ကျေးရွာတွင်စိုက်ပျိုးမြေဧကစုစုပေါင်း(၁၁၀)ရှိပါသည်။မြေဆီလွှာအသင့်အတင့်သာကောင်းမွန်ကြောင်းလည်းတွေ့ရပါသည်။

(၄.၂.၂) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၇) အဓိကသီးနှံများနှင့် အထွက်နှုန်း

| သီးနှံ | စုစုပေါင်းစိုက်ဧက | တစ်ဧက အထွက်နှုန်း | | | | အကျိုးအမြတ်ရရှိမှု (နည်း၊သင့်၊များ) ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျှမ်းမျှ | |
| စပါး | ၂၀၁ | တင်း | ၆၀ | ၉၀ | ၇၀ | သင့် |
| ပဲ | ၉၅ | တင်း | ၄ | ၉ | ၆ | သင့် |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။သရေဘာကျေးရွာတွင် အဓိကစိုက်ပျိုးသီးနှံအဖြစ် စပါးနှင့် မတ်ပဲဖြစ်သည်။သီးနှံအထွက်နှုန်းနည်းငယ်ကြောင်းတွေ့ရှိရပါသည်။

(၄.၃) မွေးမြူရေးလုပ်ငန်း

ဇယား (၈) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | မွေးမြူရေးနှင့်ငါးလုပ်ငန်း လုပ်ကိုင်နေသောအိမ်ထောင်စု | ကောင်ရေ |
|---|---|---|
| မွေးမြူရေး | | |
| နွား | ၄ | ၉ |

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | မွေးမြူရေးနှင့်ငါးလုပ်ငန်း လုပ်ကိုင်နေသောအိမ်ထောင်စု | ကောင်ရေ |
|---|---|---|
| **နို့စားနွား** | | |
| **ကျွဲ** | | |
| **မြင်း** | | |
| မြည်း | | |
| လား | | |
| ဆိတ် | | |
| သိုး | | |
| ဝက် | ၃၅ | ၁၀၆ |
| ကြက် | ၄၆ | ၉၂၀ |
| ဘဲ | | |
| နွားနောက် | | |
| **ငါးလုပ်ငန်း** | | |
| ငါးကန် | | |
| ပုဇွန်ကန် | | |
| ဂဏန်း မွေးမြူရေးလုပ်ငန်း | | |
| ရေချို ငါးဖမ်းလုပ်ငန်း | | |
| ကမ်းလွန် ငါးဖမ်းလုပ်ငန်း | | |

**ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။**

**လေ့လာတွေ့ရှိချက်။ ။တစ်နိုင်တစ်ပိုင်မွေးမြူရေးလုပ်ကိုင်ကြသည်ကိုသာတွေ့ရပါသည်။**

### (၄.၄) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ

ဇယား (၉) **စိုက်ပျိုးမွေးမြူရေး**မဟုတ်သော စီးပွားရေးလုပ်ငန်းများ

| စဉ် | လုပ်ငန်းများ (ထုတ်ကုန် လုပ်ငန်း နှင့် ဝန်ဆောင်မှု) | လုပ်ငန်း အရေအတွက် | ဝန်ထမ်း / အလုပ်သမား အရေအတွက် | မိသားစုဝင် လုပ်အား | ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|
| ၁ | သတ္တုတူးဖော်ရေး၊ ကျောက် ထုတ်လုပ်ရေး နှင့် သဘာဝ အရင်းအမြစ်များ ထုတ်လုပ်ခြင်း | | | | |
| ၂ | ထုတ်ကုန်လုပ်ငန်း | | | | |
| ၃ | လျှပ်စစ်၊ ဓာတ်ငွေ့နှင့် ရေပေး ဝေရေး | | | | |

| | | | | | |
|---|---|---|---|---|---|
| ၄ | ဆောက်လုပ်ရေး၊လက်သမား၊ ပန်းရံ လုပ်ငန်း | ၄ | ၁၈ | ၅ | |
| ၅ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး | | | | |
| ၆ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ) | | | | |
| ၇ | လက်လီ-လက်ကား ရောင်းဝယ်ရေး | ၈ | ၄ | ၁၀ | |
| ၈ | ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း | | | | |
| ၉ | ပို့ဆောင်ရေး၊ သိုလှောင်ရေး | ၂ | ၄ | ၃ | |
| ၁၀ | ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ်၊ ငွေချေးခြင်းလုပ်ငန်း အပါအဝင် ငွေကြေး ဝန်ဆောင်မှု လုပ်ငန်း) | | | | |
| ၁၁ | အိမ်ခြံမြေ ရောင်းဝယ်ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ | | | | |
| ၁၂ | ပညာရေး | ၁ | ၂ | ၃ | |
| ၁၃ | ကျန်းမာရေး | | | | |
| ၁၄ | လူမှုရေး လုပ်ငန်းများ | | | | |
| ၁၅ | အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ(အထက်ဖော်ပြပါ လုပ်ငန်းများမှအပ) | | | | |
| | စုစုပေါင်းအသက်မွေးလုပ်ငန်းလုပ်ကိုင်သူဦးရေ | | ၄၀ | | |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။**

**လေ့လာတွေ့ရှိချက်။ ။ကျေးရွာလယ်ပိုင်မရှိသောအိမ်ထောင်စုများမွေးမြူရေးမလုပ်ကိုင်သော အိမ်ထောင်စုများအနေဖြင့်ပျံကျနေ့စားလုပ်ငန်းနှင့်လက်လီလက်ကားဈေးရောင်းခြင်း၊ကယ်ရီမောင်း ခြင်း၊ဝန်ထမ်းတို့ကိုလုပ်ကိုင်ကြသည်။ထိုသူများအနေဖြင့်စီးပွားရေးအဆင့်မှာအလယ်အလတ်နှင့် ဆင်းရဲသောအိမ်ထောင်စုများဖြစ်ကြသည်ကိုတွေ့ရသည်။**

**(၅) အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ**

**(၅.၁) ဈေး**

**ဇယား** (၁၀) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

| ဈေးကွက်လက်လှမ်းမီမှု | အနီးဆုံးဈေး<br>(အနီးဆုံး<br>တစ်ခုကိုသာဖော်ပြပါရန်) | အကြီးစားဈေးကွက်<br>(အဓိကတစ်ခုကိုသာဖော်ပြပါရန်) |
|---|---|---|
| ဈေးအမည် (မြို့/ ရွာ) | ထန်းတပင်ဈေး | တောင်ငူဈေး |
| ရွာမှအကွာအဝေး (မိုင်)<br>(အနီးစပ်ဆုံး တစ်ခုကို<br>ခန့်မှန်းပြီး ရွေးချယ်ရန်) | ၀ မှ ၁ မိုင်☐ ၁ မှ ၅ မိုင် ☑<br>၅ မှ ၁၀ မိုင်☐ ၁၀မှ ၁၅မိုင် ☐<br>၁၅ မိုင် အထက် ☐ | ၀ မှ ၁၀ မိုင်☐ ၁၁ မှ ၂၀ မိုင် ☑<br>၂၁ မှ ၃၀ မိုင် ☐ ၃၀မှ ၅၀ မိုင် ☐<br>၅၁ မှ ၁၀၀ ☐၁၀၀ မိုင် အထက်☐ |
| သယ်ယူပို့ဆောင်ရေးနည်းလမ်း | ခြေလျင်☐ စက်ဘီး☐ ဆိုင်ကယ် ☑<br>ကား/ထော်လာဂျီ ☑ ရထား ☐<br>သုံးဘီးဆိုင်ကယ် ☑ လှေ ☐<br>စက်လှေ ☐ | ခြေလျင်☐ စက်ဘီး ☐ ဆိုင်ကယ်<br>☑ ကား/ထော်လာဂျီ ☑ ရထား<br>☐ သုံးဘီးဆိုင်ကယ် ☑ လှေ<br>☐ စက်လှေ ☐ |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ထန်းတပင်မြို့နှင့်(၂)မိုင်နီးပါးသာဝေးကွာ၍ အိမ်အသုံးဆောင်၊မီးဖို ချောင်သုံး၊ လူသုံးကုန်၊လယ်ယာသုံးကုန်ပစ္စည်းများနှင့်ဆေးဝါးများကို အလွယ်တကူဝယ်ယူရရှိနိုင်ပါသည်။ ထိုဈေးတွင် မရှိနိုင်သောပစ္စည်းများမှသာ တောင်ငူမြို့မဈေးသို့သွားရောက်ဝယ်ယူကြကြောင်းတွေ့ရပါ သည်။

## (၅.၂) ကျေးရွာ၏ လမ်းပန်းဆက်သွယ်ရေးအခြေအနေ

ဇယား (၁၁) ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ

| လမ်း အမျိုးအစား | အမျိုးအစား | အရည်အသွေး | ရာသီအလိုက်<br>သုံးစွဲနိုင်မှု | လမ်းအရှည်<br>(မိုင်) |
|---|---|---|---|---|
| ရွာတွင်းလမ်း | ၁ ☑၂ ☐ ၃ ☐<br>၄ ☐ ၅ ☐ | ကောင်း☐ သင့်☑ ညံ့☐ | ပွင့်လင်း ရာသီ☐<br>တစ်နှစ်ပတ်လုံး☑ | ၀–၁ မိုင်☑<br>၁–၅ မိုင်☐<br>၅–၁၀ မိုင်☐<br>၁၀မိုင်အထက်☐ |
| ချဉ်းကပ်လမ်း | ၁ ☐၂ ☐ ၃<br>☐ ၄ ☐ ၅ ☐ | ကောင်း☐ သင့် ☐ ညံ့☐ | ပွင့်လင်း ရာသီ☐<br>တစ်နှစ်ပတ်လုံး☐ | ၀–၁ မိုင်☐<br>၁–၅ မိုင်☐<br>၅–၁၀ မိုင်☐<br>၁၀မိုင်အထက်☐ |
| ရွာချင်းဆက်လမ်း | ၁ ☐၂ ☑ ၃<br>☐ ၄ ☐ ၅ ☐ | ကောင်း☐ သင့်☑ ညံ့☐ | ပွင့်လင်း ရာသီ☐<br>တစ်နှစ်ပတ်လုံး☑ | ၀–၁ မိုင်☐<br>၁–၅ မိုင်☑<br>၅–၁၀ မိုင်☐<br>၁၀မိုင်အထက်☐ |

ရင်းမြစ်...ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

**မှတ်ချက်။ ။မြေသားလမ်း – ၁၊ ကျောက်ခင်းလမ်း – ၂၊ ကျောက်ချောလမ်း – ၃၊ ကွန်ကရစ်လမ်း – ၄၊ ကတ္တရာလမ်း – ၅**

**လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်းလမ်းမှာ မြေသားလမ်း သာဖြစ်ကြောင်းတွေ့ရှိရပါသည်။**

### (၅. ၃) ရေကြောင်းသယ်ယူပို့ဆောင်ရေး

ဇယား (၁၂) ရေ**ကြောင်း** သယ်ယူပို့ဆောင်ရေး (အသုံးမပြုပါက အကွာအဝေး (မိုင်) အကွက်အောက် ရှိ **အသုံးမပြုပါ**အကွက်တွင် ✓ ခြစ်ပါ)။

| သယ်ယူပို့ဆောင်ရေး | Nearest town အကွာအဝေး (မိုင်) | ရာသီအလိုက် သုံးစွဲနိုင်မှု |
|---|---|---|
| မြစ်ကြောင်း | ၀ မှ ၁၀ မိုင် ☐<br>၁၁ မှ ၂၀ မိုင် ☐<br>၂၁ မှ ၅၀ မိုင် ☐<br>၅၀မိုင် အထက် ☐<br>အသုံးမပြုပါ ☑ | ပွင့်လင်းရာသီ☐တစ်နှစ်ပတ်လုံး☐ |
| ပင်လယ်ရေကြောင်း | ၀ မှ ၁၀ မိုင်☐<br>၁၁ မှ ၂၀ မိုင် ☐<br>၂၁ မှ ၅၀ မိုင် ☐<br>၅၀မိုင် အထက် ☐<br>အသုံးမပြုပါ ☑ | ပွင့်လင်းရာသီ☐<br>တစ်နှစ်ပတ်လုံး☐ |

**ရင်းမြစ်…ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။**

**လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင်ရေကြောင်းသယ်ယူပို.ဆောင်ရေးမရှိပါ။**

### (၅.၄) သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ

ဇယား (၁၃) သယ်ယူပို့ဆောင်ရေးယာဉ်များ

| ယာဉ်အမျိုးအစား | လှေ၊ သမ္ဗာန် | စက်လှေ | စက်ဘီး | မော်တော်ဆိုင်ကယ် | သုံးဘီးဆိုင်ကယ် | ထော်လာဂျီ | ကား | မြင်းလှည်း | နွားလှည်း |
|---|---|---|---|---|---|---|---|---|---|
| အရေအတွက် | | | ၁၃ | ၂၅၀ | ၁၀ | ၅ | ၂ | | |

**ရင်းမြစ်…အိမ်ထောင်စုစာရင်း ကောက်ယူမှု။**

**လေ့လာတွေ့ရှိချက်။ ။ကျေးရွာမှ ရွာသူရွာသားများအနေဖြင့်ဈေးဝယ်ယူခြင်း၊လူမှုရေးကိစ္စများ၊ ကိုယ်ရေးကိုယ်တာကိစ္စများအတွက် ဆိုင်ကယ်၊ သုံးဘီး၊ ကားတို့ဖြင့်သွားရောက်နေကြသည်ကို တွေ့ရှိရပါသည်။**

**(၅.၅) လျှပ်စစ်မီးရရှိမှု**

ဇယား (၁၄) **လျှပ်စစ်မီးရရှိမှု အခြေအနေ**

| ရင်းမြစ် | အိမ်ထောင်စု |
|---|---|
| **မဟာဓာတ်အားလိုင်း** | ၁၀၀ |
| ဆိုလာစနစ် | |
| အသေးစားရေအားလျှပ်စစ် | |
| ဒီဇယ်သုံးအင်ဂျင် | |
| လေစွမ်းအင် | |
| ဇီဝလောင်စာ | |
| အမျိုးအမည်ခွဲခြားဖော်ပြခြင်းမပြုနိုင်သော လျှပ်စစ်ဓာတ်အားပေးစနစ် | |
| **လျှပ်စစ်မီး အသုံးမပြုနိုင်သော** | ၁၅ |

**ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။**

**လေ့လာတွေ့ရှိချက်။ ။ကျေးရွာသည် လျှပ်စစ်မီးအားအိမ်ထောင်စုအများစုမှ သုံးစွဲပြီး လျှပ်စစ်မီး အသုံးမပြုသောအိမ်ထောင်စုများအနေဖြင့် ဖယောင်းတိုင်၊ဘတ္တရီမီးတို့ကိုအသုံးပြုကြကြောင်း လဲတွေ့ရှိရပါသည်။**

**(၅.၆) ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်ဆိုင်ရာနည်းပညာ**

ဇယား (၁၅) **ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ**

| စဉ် | ဖုန်း | ရေဒီယို | တီဗွီ |
|---|---|---|---|
| **အရေအတွက်** | ၂၁၀ | ၁၅ | ၁၀၅ |

**ရင်းမြစ်...အိမ်ထောင်စုစာရင်း ကောက်ယူမှု။**

**လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် မိုဘိုင်းဖုန်းလိုင်းမှာ အနည်းငယ်သာကောင်းမွန်ပါသည်။ တီဗွီ၊စလောင်း၊ဖုန်းအင်တာနက်များအသုံးပြုမှုများလာသောကြောင့်သတင်းစုံလင်စွာသိရှိလာ ကြကြောင်း လဲတွေ့ရှိရပါသည်။**

**(၆) ပညာရေး**

**(၆.၁) ကျောင်းတက်နှုန်း**

**ဇယား** (၁၆) ကျောင်းတက်နှုန်း

| ပညာရေးအဆင့်အတန်း | ကျား | မ | ပေါင်း |
|---|---|---|---|
| မူလတန်း | ၃၅ | ၃၈ | ၇၃ |
| အလယ်တန်း | ၄၅ | ၅၀ | ၉၅ |
| အထက်တန်း | ၃၈ | ၄၃ | ၈၁ |

| ပညာရေးအဆင့်အတန်း | ကျား | မ | ပေါင်း |
|---|---|---|---|
| တက္ကသိုလ်/ကောလိပ် | ၇ | ၈ | ၁၅ |

**ရင်းမြစ် … (၁) ကျောင်းဝင်စာရင်း၊ (၂) ဆယ်အိမ်မှူးများ။**

**မှတ်ချက်။** ။ဤဇယားကို ဖြည့်သွင်းရာတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ ပညာရေးဝန်ကြီးဌာနမှ အသိအမှတ်ပြုထားသော စာသင်ကျောင်းများ၊ တက္ကသိုလ်ကောလိပ်များတွင် ပညာတက်ရောက်နေ သူများကိုသာ ဖြည့်သွင်းရန်ဖြစ်ပါသည်။ **၎င်းအပြင် "ဘုန်းကြီးကျောင်းသင်ပညာရေး" ကို သင်ယူဆည်းပူး နေသော ကျောင်းသူ/သားများကို အခြေခံပညာဦးစီးဌာနမှ သတ်မှတ်ထားသော ပညာရေးစနစ်/အဆင့် သတ်မှတ်ချက်များနှင့်အညီ သတ်မှတ်ဖြည့်သွင်းရန် ဖြစ်ပါသည်။**

**လေ့လာတွေ့ရှိချက်။ ။ကျေးရွာသည်ပညာရေးအားအလေးပေးသဖြင့်ကျောင်းနေအရွယ်ကလေး များ အားလုံးကျောင်းတက်ရောက်ကြပါသည်။ ယခုနှစ်ကျောင်းအပ်နှုန်းသည်လည်း ရာနှုန်းပြည့်ဖြစ် သည်ကိုတွေ့ရပါသည်။**

### (၆.၂) စာသင်ကျောင်းဆောင်အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား (၁၇) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

| အကြောင်းအရာ | (၁) | (၂) | (၃) |
|---|---|---|---|
| **က။** ကျောင်းအဆင့် | မူလတန်း ☐<br>မူလွန် ☑<br>အလယ်တန်း(ခွဲ) ☐<br>အလယ်တန်း ☐<br>အထက်တန်း(ခွဲ) ☐<br>အထက်တန်း☐ | မူလတန်း☐<br>မူလွန်☐<br>အလယ်တန်း(ခွဲ) ☐<br>အလယ်တန်း ☑<br>အထက်တန်း(ခွဲ)☐<br>အထက်တန်း ☐ | မူလတန်း☐<br>မူလွန်☐<br>အလယ်တန်း(ခွဲ) ☐<br>အလယ်တန်း☐<br>အထက်တန်း(ခွဲ)☐<br>အထက်တန်း☑ |
| **ခ။**ရွာမှအကွာအဝေး(မိုင်) | ၀ မှ ၁ မိုင် ☑<br>၁ မိုင် မှ ၃ မိုင် ☐<br>၁၅ မိုင် မှ ၂၀ မိုင် ☐<br>၂၀ မိုင် အထက် ☐ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☑<br>၁၅ မိုင် မှ ၂၀ မိုင် ☐<br>၂၀ မိုင် အထက် ☐ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၁၀ မိုင် ☑<br>၁၅ မိုင် မှ ၂၀ မိုင် ☐<br>၂၀ မိုင် အထက် ☐ |
| **ဂ။**သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု | ခြေလျင် ☑<br>စက်ဘီး ☑<br>ဆိုင်ကယ် ☐<br>ကား ☐ | ခြေလျင် ☐<br>စက်ဘီး ☑<br>ဆိုင်ကယ် ☑<br>ကား ☐ | ခြေလျင် ☐<br>စက်ဘီး ☐<br>ဆိုင်ကယ် ☑<br>ကား ☐ |
| **ဃ။** စာသင်ကျောင်း၏ စုစုပေါင်းကြမ်းခင်းဧရိယာ (စတုရန်းပေ)* | ၂၄၀၀စတုရန်းပေ | | |
| **င။**အမိုး၊နံရံ၊အခင်း အရည်အသွေး | ကောင်း☑သင့် ☐ | ကောင်း☐သင့်☐ညံ့ | ကောင်း☐သင့်☐ညံ့ |

| အကြောင်းအရာ | (၁) | | | (၂) | | | (၃) | | |
|---|---|---|---|---|---|---|---|---|---|
| | ညံ့☐ | | | ☐ | | | ☐ | | |
| **စ။**ကျောင်းသုံးပရိဘောဂလုံလောက်မှု | လုံလောက်မှုရှိသည် ☐<br>မလုံလောက်ပါ ☑ | | | လုံလောက်မှုရှိသည် ☐<br>မလုံလောက်ပါ ☐ | | | လုံလောက်မှုရှိသည် ☐<br>မလုံလောက်ပါ ☐ | | |
| **ဆ။** ကျောင်းအိမ်သာ အခြေအနေ | ကောင်း ☐ သင့် ☑<br>ညံ့ ☐ မရှိ ☐ | | | ကောင်း ☐ သင့် ☐<br>ညံ့ ☐ မရှိ ☐ | | | ကောင်း ☐ သင့် ☐<br>ညံ့ ☐ မရှိ ☐ | | |
| **ဇ။**ကျောင်းအာဟာရတိုက်ကျွေးမှု | တိုက်ကျွေးမှုရှိသည် ☑<br>တိုက်ကျွေးမှု မရှိပါ ☐ | | | တိုက်ကျွေးမှုရှိသည် ☐<br>တိုက်ကျွေးမှု မရှိပါ ☐ | | | တိုက်ကျွေးမှုရှိသည် ☐<br>တိုက်ကျွေးမှု မရှိပါ ☐ | | |
| **ဈ။**ကျောင်းဆရာ/မ ဦးရေ | **ကျား** | **မ** | **ပေါင်း** | **ကျား** | **မ** | **ပေါင်း** | **ကျား** | **မ** | **ပေါင်း** |
| အစိုးရခန့် | ၄ | ၆ | ၁၀ | | | | | | |
| ကျေးရွာခန့် | | | | | | | | | |

**ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။**

**မှတ်ချက်။ ။ကျေးရွာတွင် စာသင်ကျောင်းမရှိပါက (က၊ ခ၊ ဂ) ကိုသာ ဖြေဆိုရပါမည်။ စာသင်ကျောင်း၏ စုစုပေါင်းကြမ်းခင်းဧရိယာ (စတုရန်းပေ = အလျား × အနံ) သည် စာသင် ကျောင်းတစ်ကျောင်းအတွင်းရှိ ကျောင်းအဆောက်အဦအားလုံး၏ စုစုပေါင်းဧရိယာကို ဆိုလိုသည်။**

**လေ့လာတွေ့ရှိချက်။ ။ကျေးရွာစာသင်ကျောင်းတွင်စာသင်ဆောင်(၂)ဆောင်ရှိပါသည်။ ကျောင်းသုံး ပရိဘောဂလုံလောက်မှုရှိသော်လည်းကျောင်းသားဦးရေတိုးပွားလာခြင်းကြောင့်စာသင်ဆောင် လုံလောက်မှု မရှိပါ။**

**(၇) ကျန်းမာရေး**

**(၇.၁) အဖြစ်များသောရောဂါများ**

ဇယား (၁၈) **အဖြစ်များသော** ရောဂါများ

| # | *ရောဂါ* | *ပျံ့နှံ့မှု/ဖြစ်ပွားမှု* | | |
|---|---|---|---|---|
| *၁* | ဝမ်းပျက်ဝမ်းလျှော | *မြင့်*☐ | *နိမ့်*☑ | *မရှိ*☐ |
| *၂* | သွေးလွန်တုပ်ကွေး | *မြင့်*☑ | *နိမ့်*☐ | *မရှိ*☐ |
| *၃* | ငှက်ဖျား | *မြင့်*☐ | *နိမ့်*☑ | *မရှိ*☐ |
| *၄* | အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါ | *မြင့်*☐ | *နိမ့်*☐ | *မရှိ*☑ |
| *၅* | HIV, AIDS, လိင်မှတဆင့် ကူးစက်နိုင်သောရောဂါများ | *မြင့်*☐ | *နိမ့်*☐ | *မရှိ*☑ |
| *၆* | တီဘီ | *မြင့်*☐ | *နိမ့်*☑ | *မရှိ*☐ |
| *၇* | ဆီးချို | *မြင့်*☐ | *နိမ့်*☑ | *မရှိ*☐ |
| *၈* | သွေးတိုး | *မြင့်*☐ | *နိမ့်*☑ | *မရှိ*☐ |
| *၉* | အသည်းရောဂါ ( ဘီ၊ စီ) | *မြင့်*☐ | *နိမ့်*☐ | *မရှိ*☐☑ |

| # | ရောဂါ | ပျံ့နှံ့မှု/ဖြစ်ပွားမှု | | |
|---|---|---|---|---|
| ၁၀ | အာဟာရ ချို့တဲ့မှု | မြင့်☐ | နိမ့်☐ | မရှိ☑ |
| ၁၁ | အခြား ကူးစက်နိုင်သော ရောဂါများ | မြင့်☐ | နိမ့်☐ | မရှိ☑ |

**ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။**

**လေ့လာတွေ့ရှိချက်။ တီဗွီ၊သွေးတိုးရောဂါဖြစ်ပွားသူနည်းပါးသည်။**

**(၇.၂) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု**

**ဇယား (၁၉) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု**

| စဉ် | ကာကွယ်ဆေးထိုးခြင်း (ရှိ၊ မရှိ အမှန်ခြစ်ရန်) | ရှိ | မရှိ |
|---|---|---|---|
| ၁ | အဆုတ်ရောဂါ | ☑ | |
| ၂ | ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင် အသားဝါ | ☑ | |
| ၃ | ပိုလီယိုရောဂါ | ☑ | |
| ၄ | မေးခိုင် (ကိုယ်ဝန်ဆောင် ကာလအတွင်း) | ☑ | |
| ၅ | ဝက်သက်ရောဂါ | ☑ | |
| ၆ | အခြား စုပေါင်း**ကာကွယ်ဆေးထိုးနှံမှု** | ☑ | |
| ၇ | အာဟာရ မှတ်တမ်းယူမှု(အရပ်အမြင့်၊ အလေးချိန်၊ လက်မောင်းပတ်) | ☑ | |
| ၈ | အာဟာရပညာပေး အစီအစဉ် | ☑ | |

**ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။**

**လေ့လာတွေ့ရှိချက်။ ။ကျေးရွာသို့ကျန်းမာရေးဌာနမှ နှစ်စဉ်ကာကွယ်ဆေးများလာရောက်ထိုးနှံပေးကြောင်းတွေ့ရှိရပါသည်။**

**(၇.၃) ကျန်းမာရေးအထောက်အပံ့များ(ဆေးရုံ/ဆေးပေးခန်းများ)**

ဇယား (၂၀) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

| ကျန်းမာရေး ဝန်ဆောင်မှု | ခရီးအကွာအဝေး (မိုင်) | အခန်း/ကုတင်လုံလောက်မှု |
|---|---|---|
| ကျေးလက်ကျန်းမာရေး ဌာန/ ဌာနခွဲ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁၀ မိုင် ☐<br>၁၀ မိုင်အထက်☐ | ရှိ ☐<br>မရှိ ☐ |
| တိုက်နယ် ဆေးရုံ | ၀ မှ ၁ မိုင် ☐ | ရှိ ☐ |

| ကျန်းမာရေး ဝန်ဆောင်မှု | ခရီးအကွာအဝေး (မိုင်) | အခန်း/ကုတင်လုံလောက်မှု |
|---|---|---|
| | ၁ မိုင် မှ ၃ မိုင် ☐<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁၀ မိုင် ☐<br>၁၀ မိုင်အထက်☐ | မရှိ ☐ |
| မြို့နယ် ဆေးရုံ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☑<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁၀ မိုင် ☐<br>၁၀ မိုင်အထက် ☐ | ရှိ ☑<br>မရှိ ☐ |

**ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။**

**လေ့လာတွေ့ရှိချက်။ ။အရေးပေါ်ကျန်းမာရေးအခြေအနေအတွက်ကျေးရွာပရဟိတကားဖြင့်မြို့နယ်ဆေးရုံသို့သွားရောက်ကုသနိုင်ပါသည်။ ဖျားနာခြင်းများအတွက် ထန်းတပင်မြို့ရှိ မြို့နယ်ဆေးရုံ၊ ဆေးခန်း တွင်သွားရောက်ကုသနိုင်ပါသည်။**

### (၇.၄) ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

### (၇.၄. ၁) သောက်သုံးရေရရှိမှု

ဇယား (၂၁) သောက်သုံးရေရရှိနိုင်မှု

| ရေရရှိနိုင်မှု | အသုံးပြုသော အိမ်ထောင်စု | ရေ အရည်အသွေး | လုံလောက်မှု (မိုး၊ဆောင်း၊ နွေ) |
|---|---|---|---|
| ရေတွင်း | ၄ | ကောင်း☐ သင့်☑ ညံ့☐ | ရှိ |
| အဝီစိတွင်း/ စက်တပ် | ၂၀ | ကောင်း☐ သင့်☑ ညံ့☐ | ရှိ |
| အဝီစိတွင်း/ တုံကင် | ၃၈ | ကောင်း☐ သင့်☑ ညံ့☐ | ရှိ |
| မိုးရေ သိုလှောင်ကန် | | ကောင်း☐ သင့်☐ ညံ့☐ | |
| မြစ်/ချောင်းရေ | | ကောင်း☐ သင့်☐ ညံ့☐ | |
| ရေကန် | | ကောင်း☐ သင့်☐ ညံ့☐ | |
| စိမ့်စမ်းရေ | | ကောင်း☐ သင့်☐ ညံ့☐ | |

**ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးရွာသယံဇာတပြမြေပုံ။**

**လေ့လာတွေ့ရှိချက်။ ။သောက်သုံးရေအားရေတွင်း၊တုံကင်၊အဝီစိစက်တပ်တို့မှရေစစ်ဖြင့်စစ်ယူကာသောက်သုံးကြပါသည်။**

(၇.၄.၂) သန့်ရှင်းရေးအခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စုအရေအတွက်)

ဇယား (၂၂) အိမ်သာ အမျိုးအစား

| သုံးစွဲနိုင်သော အိမ်သာ အမျိုးအစား | သုံးစွဲနိုင်သော အိမ်ထောင်စု |
|---|---|
| **သန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု** | |
| ရေဆွဲ အိမ်သာ | ၅ |
| ရေလောင်း/ယင်လုံအိမ်သာ | ၁၁၀ |
| **မသန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု** | |
| တွင်း/ဇလားအိမ်သာ | |
| တွင်းမရှိ အိမ်သာ | |
| အိမ်သာမရှိ | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် ယင်လုံအိမ်သာအားသန့်ရှင်းစွာအသုံးပြုကြပါသည်။

(၈) ဘေးအန္တရာယ် ထိခိုက်မှုအခြေအနေများ

ဇယား (၂၃) ကျေးရွာ၏ ထိခိုက်နိုင်သည့် ဘေးအန္တရာယ်များ အခြေအနေ

| စဉ် | ဘေးအန္တရာယ် အမျိုးအစား | အန္တရာယ်ရှိနိုင်မှုအခြေအနေရှင်းလင်းဖော်ပြချက် |
|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) | |
| ၃ | ရေကြီးခြင်း | စစ်တောင်းမြစ်ဘေးတွင်တည်ရှိသောကြောင့် မိုးရာသီတွင် မြစ်ရေကြီးမှုအန္တရာယ်ရှိနိုင်ပါသည်။ |
| ၄ | မိုးခေါင်ခြင်း | |
| ၅ | အအေးလွန်ကဲခြင်း | |
| ၆ | မုန်တိုင်း | |
| ၇ | ငလျင် | |
| ၈ | မီးဘေး | |
| ၉ | ဆားငန်ရေဝင်မြေ | |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု | |
| ၁၁ | သစ်တောပြုန်းတီးခြင်း | |
| ၁၂ | ငှက်ဖျားရောဂါ | |
| ၁၃ | တီဘီရောဂါ | |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | |

| စဉ် | ဘေးအန္တရာယ် အမျိုးအစား | အန္တရာယ်ရှိနိုင်မှုအခြေအနေရှင်းလင်းဖော်ပြချက် |
|---|---|---|
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | |
| ၁၇ | လူကုန်ကူးခြင်း | |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည် | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင်သဘာဝဘေးအန္တရယ်ကျရောက်ချေရှိပါသည်။

(၉) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များ ထိန်းသိမ်းမှုအခြေအနေ

ဇယား(၂၄) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များအခြေအနေ

| အကြောင်းအရာ | အန္တရာယ်ရှိမှု(နိမ့်၊လတ်၊မြင့်) | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|---|
| မြေဆီသြဇာအခြေအနေ | လတ် | မြေသြဇာအလွန်အကျွံသုံးစွဲခြင်း |
| အပင်မျိုးစိတ်များ | | |
| ရေအရင်းအမြစ် | | |
| ငါးမျိုးကွဲများ | | |
| အခြားတိရစ္ဆာန်မျိုးကွဲများ | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။သီးနှံအထွက်နှုန်းကောင်းမွန်ရန်သာအရေးထားသဖြင့် ဓါတုဆေးဝါးများသုံးစွဲမှုများပြားခြင်းကြောင့်မြေဆီလွှာပျက်စီးနိုင်မှုရှိလာသော်လည်းထိန်းသိမ်းမှုမပြုလုပ်နိုင်ကြသဖြင့်စိုက်ပျိုးရေးပညာပေးဟောပြောပွဲများပြုလုပ်ပေးသင့်ပါသည်။

(၁၀ ကျား – မ ရေးရာ

ဇယား (၂၅) ကျား – မ ရေးရာ

| # | *ကျေးရွာ၏ လူမှုစီးပွား ဖွံ့ဖြိုးစေရေးအတွက် အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်သင့်သော အချက်များ* | *ဦးတည်အုပ်စုဆွေးနွေးပွဲတွင် တက်ရောက်သူများမှ မှန်သည်ဟု ယူဆသော တစ်ခုကို ရွေးပေးပါရန်* | |
|---|---|---|---|
| *၁* | ကျေးရွာ စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်မှု/ခေါင်းဆောင်မှု | *ရှိ☐* | *မရှိ☑* |
| *၂* | ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများတွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက်မှု | *ရှိ☑* | *မရှိ☐* |

ရင်းမြစ်(၁) အဖွဲ့အစည်းများစာရင်း၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း– ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီးအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ဖွံ့ဖြိုးရေးလုပ်ငန်းများတွင်အမျိုးသမီးများတက်ကြွစွာပါဝင်ကြပါသည်။

နောက်ဆက်တွဲ၃

**ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုဇယား**

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့်စိန်ခေါ်မှု | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံချက်နှင့်လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၁။ | ကျေးရွာတွင်းလမ်းမကောင်းခြင်း | မြေသားလမ်းဖြစ်နေခြင်း | မြစ်အတွင်းမှသဲများရရှိခြင်း၊ကျေးရွာမှလုပ်အားစိုက်ထုတ်နိုင်ခြင်း၊ဂံဝံကျောက်များအလွယ်တကူဝယ်ယူရရှိနိုင်ခြင်း၊ကျေးလက်လမ်းဦးစီးဌာရှိခြင်း | ရွာနေလူထုငွေကြေးအင်အားနည်းပါခြင်း၊ဦးစီးဦးဆောင်လုပ်မည့်သူမရှိခြင်း | ကျေးလက်လမ်းဦးစီးဌာနနှင့်ပူးပေါင်းဆောင်ရွက်ခြင်း၊ကျေးရွာမှ ရွာအကျိုးအတွက်စိတ်ပါဝင်စားအောင်စည်းရုံးလုပ်ဆော်ခြင်း | ရွာဝင်လမ်းနှင့်ရွာလယ်လမ်းဂံဝံခင်းခြင်းလုပ်ငန်းရရှိအောင်ဆောင်ရွက်ခြင်း |
| ၂။ | ကျန်းမာရေးဝန်ဆောင်မှုကားလိုအပ်ခြင်း | ကျေးရွာမှကားဝယ်ယူနိုင်သောအင်အားမရှိခြင်း | မြို့နှင့်ဆက်သွယ်သောလမ်းကောင်းမွန်ခြင်း၊ကားမောင်းကျွမ်းကျင်သူရှိခြင်း၊ပရဟိတရှိခြင်း | ဦးဆောင်မည့်သူမရှိခြင်း၊မြို့ဆေးရုံးနှင့်အလှမ်းကွာဝေးခြင်း | ကျန်းမာရေးဝန်ကြီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း၊ကျေးလက်ဖွံ့ဖြိုးရေးဌာနနှင့်ချိတ်ဆက်ခြင်း | ကျန်းမာရေးအရေးပေါ်လူနာတင်ယာဉ်ရရှိအောင်ဆောင်ရွက်ခြင်း |
| ၃။ | မြစ်ရေတိုက်စား၍ကမ်းပါးပြိုခြင်း | မြစ်ကြောင်းကွေ့ကောက်၍ရေစီးသန်ခြင်း၊ရေကာများမရှိခြင်း | သစ်၊ဝါး၊အလွယ်တကူရရှိနိုင်ခြင်း၊ပန်းရံ၊လက်သမားတက်မြောက်သူများရှိခြင်းကျေးရွာမှလူအင်အား | သက်ဆိုင်ရာဌာနနှင့်ချိတ်ဆက်၍ဆောင်ရွက်မှုမပြုလုပ်နိုင်ခြင်းကျေးရွာ | သစ်၊ဝါးများနှင့်ရေကာများဆောက်လုပ်၍ တားစီးခြင်းကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာနနှင့်ပူး | မြစ်ရေတိုက်စား၍ကမ်းပြိုကာကွယ်ရန်ရေကာဆောက်လုပ်ခြင်း |

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့်စိန်ခေါ်မှု | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံချက်နှင့်လုပ်ငန်းများ |
|---|---|---|---|---|---|---|
| | | | စိုက်ထုတ်နိုင်ခြင်း | မှငွေလုံးငွေရင်းမစိုက်ထုတ်နိုင်ခြင်း | ပေါင်းဆောင်ရွက်ခြင်း | |
| ၄။ | ရွာချင်းဆက်လမ်းမကောင်းမွန်ခြင်း | မြေနိမ့်မြေသားလမ်းဖြစ်ခြင်း၊မိုးတွင်းအခါ၌သွားလာရခက်ခဲခြင်း | ဂံဝံကျောက်လွယ်ကူစွာဝယ်ယူရရှိနိုင်ခြင်း၊ လုပ်အားနှင့်ငွေအားအနည်းငယ်ပါဝင်နိုင်ခြင်း | နှစ်ရွာပူးပေါင်းဆောင်ရွက်မှုမပြုနိုင်ခြင်း၊ ဦးဆောင်မည့်သူအားနည်းခြင်း | ကျေးလက်လမ်းဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း | ရွာချင်းဆက်လမ်းပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်ခြင်း |
| ၅။ | စာကြည့်တိုက်အတွင်းစာအုပ်နှင့်ပရိဘောဂမပြည့်စုံခြင်း | စာကြည့်တိုက်ဖောင်ဒေးရှင်းနှင့်မချိတ်ဆက်နိုင်ခြင်းကိုယ်ထူကိုယ်ထမတည်ထောင်နိုင်ခြင်း | စာကြည့်တိုက်ရှိခြင်း၊ လူငယ်များစာဖတ်၊ဝါသနာပါခြင်း၊ရာသီမရွေးမြို့နှင့်လက်လှမ်းမှီခြင်း | စာကြည့်တိုက်ဖောင်ဒေးရှင်းမှဝန်ဆောင်မှုမပေးနိုင်ခြင်း၊ စာအုပ်နှင့်ပရိဘောဂအလှူရှင်မရှိခြင်း | ကျေးလက်ဦးစီးဌာနနှင့် ပူးပေါင်း၍နည်းလမ်းရှာဖွေခြင်း | စာကြည့်တိုက်တွင်စာအုပ်နှင့် ပရိဘောဂပြည့်စုံအောင်ဆောင်ရွက်ခြင်း |